# ယေရုရှလင်မြို့သစ်၌ မြင်ရသည့်အတိုင်း
# သခင်ဘုရားပြန်လည်ရယူခြင်း၏ သဘောသဘာဝကို စောင့်ထိန်းခြင်း

## Message One

## သခင်ဘုရားပြန်လည်ရယူခြင်း၏ ပန်းတိုင်မှာ
## ယေရုရှလင်မြို့သစ်၏ပြီးမြောက်ပြည့်စုံခြင်း ဖြစ်ခြင်း

ဖတ်ရန်ကျမ်း။ ။ ဧ၁း၈။ ၄း၃-၆။ ဗျာ၁း၄က။ ၂း၂။ က၁း၁၊ ၉-၁၀။ ၂၂း၁၇။ ယော၁း၆။ ဟေဗြဲ၂း၁၁။ ရော၁၂း၂။ ၈း၂၉-၃၀

**I. သခင်ဘုရား၏ ပြန်လည်ရယူခြင်းမှာ အဘယ်အရာဖြစ်ကြောင်း ကျွန်ုပ်တို့သိနားလည်ရန် လိုအပ်သည် - ဧ၁း၈။ ၄း၃-၆။**

A. သခင်ဘုရား၏ပြန်လည်ရယူခြင်းမှာ အဓိကအချက်နှစ်ချက်ကို ပြန်လည်ရယူခြင်းဖြစ်သည်၊ ယင်းတို့မှာ အသက်အဖြစ် ခရစ်တော် နှင့် စစ်မှန်သော တစ်လုံးတစ်ဝဖြစ်ခြင်း တို့ဖြစ်သည် - ကော၁း၄။ ဆာ၁၃၃း၁။

1. အသက်အဖြစ် ခရစ်တော်သည် သခင်ဘုရားပြန်လည်ရယူခြင်း၏ သဘောသဘာဝဖြစ်ပြီး၊ တစ်လုံးတစ်ဝဖြစ်ခြင်းသည် သခင်ဘုရားပြန်လည်ရယူခြင်း၏ ရပ်တည်ရာ၊ အခြေပြုနေရာဖြစ်သည်။

2. စကြဝဠာရှိ အရာခပ်သိမ်းသည် သဘောသဘာဝနှင့် ရပ်တည်ရာ ရှိသည်။ သဘောသဘာဝနှင့် ရပ်တည်ရာ မရှိဘဲ မည်သည့်အရာမျှ ဖြစ်တည်ခြင်းမရှိပါ။ သခင်ဘုရား၏ပြန်လည်ရယူခြင်းသည် ၎င်း၏ သဘောသဘာဝနှင့် ၎င်း၏ရပ်တည်ရာအားဖြင့် ဖြစ်တည်နေခြင်းဖြစ်သည်

3. အသင်းတော်သည် အခြားမဟုတ်ဘဲ ခရစ်တော်ပင် ဖြစ်သည်။ ထို့ကြောင့် အသက်အဖြစ် ခရစ်တော်သည် သခင်ဘုရားပြန်လည်ရယူခြင်းရှိ အသင်းတော်၏ ပါဝင်ရာနှင့် သဘောသဘာဝဖြစ်ပြီး၊ စစ်မှန်သော တစ်လုံးတစ်ဝဖြစ်ခြင်းမှာ သခင်ဘုရား ပြန်လည်ရယူခြင်းရှိ အသင်းတော်၏ ရပ်တည်ရာ ဖြစ်သည် - ကော၁း၃၊ ၁၀-၁၁။ ဧ၄း၃-၆။

B. ယနေ့ အသင်းတော်သည် အနာဂတ်ရှိ ယေရုရှလင်မြို့သစ်၏ ပုံစံငယ်ဖြစ်ကာ၊ မြေကြီးပေါ် ရှိ သခင်ဘုရား၏ ပြန်လည်ရယူခြင်း သည် ကိုယ်တော်၏ အသင်းတော်ကို ကိုယ်စားပြုသည် - ၁း၄က။ ၂း၂။

1. ကျွန်ုပ်တို့သည် ဘုရားသခင်၏ ထာဝရ စိတ်နှလုံးတော် အလိုဆန္ဒမှာ ယေရုရှလင်မြို့သစ်ဖြစ်သည့် ခရစ်တော်၏ ကိုယ်ခန္ဓာ တော်ကို ရရှိရန်ဖြစ်ကြောင်း ကျွန်ုပ်တို့ မြင်ရမည်ဖြစ်သည်။

2. ဘုရားသခင်က ယေရုရှလင်မြို့သစ်ကို ရယူခြင်းမှာ အချိန်၌ ဒေသန္တရအသီးသီးရှိ ဒေသန္တရအသင်းတော်များကို ယေရုရှလင် မြို့သစ်၏ ပုံစံငယ်များနှင့် ကိုယ်စားပြုများအဖြစ် တည်ဆောက်ကာ၊ ခရစ်တော်ကိုယ်ခန္ဓာတော်၏ အသက်ရှင်ခြင်းကို မူ အလေ့အလာနှင့် သဘောသဘာဝ၌ ရှင်ထွက်ခြင်း ရှိစေခြင်းအားဖြင့် ဖြစ်သည်။

3. ဤကိုယ်ခန္ဓာတော်အသက်တာမှတဆင့် အသင်းတော်များသည် ခရစ်တော်၏ သက်သေခံချက်ဖြစ်ရန် ခရစ်တော်၏ အသက်ကို ထင်ရှားပေါ်လွင်စေနိုင်မည် ဖြစ်သည်။ ဤအချက်နှစ်ချက်သည် ဘုရားသခင်၏ ထာဝရ ရည်ရွယ်ချက်နှင့် ယနေ့ ဘုရားသခင် လုပ်လိုသည့်အရာကို ခြုံငုံဖော်ပြပေးထားသည်။

**II. ယေရုရှလင်မြို့သစ်သည် ရွေးနုတ်ခံ သန့်ရှင်းသူများအားလုံး ကိန်းဝပ်နေမည့် ရုပ်ပိုင်းဆိုင်ရာ မြို့တော် သို့မဟုတ် ကောင်းကင်စံအိမ်တော်ကြီး မဟုတ်ပါ။ ထိုအစား ၎င်းသည် မျိုးဆက်များတစ်လျှောက်လုံး ဘုရားသခင်အားဖြင့် ရွေးနုတ်ခံရသော သန့်ရှင်းသူများ အားလုံး၏ အသက်ရှင်သော ပေါင်းစည်းထုံးဖွဲ့မှုဖြစ်သည် - ဟေဗြဲ၁၂း၂၂က။ ဗျာ၂၁း၂၊ ၉၊ ၁၂၊ ၁၄ နှင့် မှတ်စု ၂[၁]၊ ၂[၃]၊ ၁၂[၆] နှင့် ၁၄[၂]။**

A. ယေရုရှလင်မြို့သစ်သည် အဆုံးစွန် ပြီးမြောက်ပြည့်စုံခြင်းဖြစ်သည် - အငယ်၊၁-၂၊ ၉-၁၁။

1. ကျွန်ုပ်တို့၏ဘုရားသခင်သည် အကြံအစည်တော်ရှိသော ဘုရားသခင်ဖြစ်သည်။ ကိုယ်တော်၏ အကြံအစည်တော် အဆုံးစွန် ပြီးမြောက်ပြည့်စုံခြင်းမှာ အဘယ်အရာဖြစ်ကြောင်း ကျွန်ုပ်တို့မြင်ကာ သိနားလည်ရန် လိုအပ်သည်။ ဤမေးခွန်းအဖို့ အဖြေမှာ ယေရုရှလင်မြို့သစ်ဖြစ်သည် - ရော၊၈း၂၈။ ဧ၊၁း၉၊ ၁၁။ ၃း၁၁။ ၂တိ၊၁း၉။ ဗျာ၊၂၁း၂၊ ၉-၁၁။

2. ယေရုရှလင်မြို့သစ်သည် ဘုရားသခင်၏၊ ဘုရားသခင့်ကယ်တင်ခြင်း၏၊ ခရစ်တော်ရွေးနုတ်ခြင်း၏၊ ဝိညာဉ်တော်ပုံသဏ္ဌာန်ပြောင်းလဲခြင်း၏၊ အပေါင်းလက္ခဏာအရာမှန်သမျှ၏ အဆုံးစွန်ပြီးမြောက်ပြည့်စုံခြင်းပင် ဖြစ်သည်။

B. အံ့ဩဖွယ်သော၊ အံ့အားသင့်ဖွယ်သော၊ အံ့မခန်းဖွယ်သော ထုံးဖွဲ့မှုဖြစ်သည့် ယေရုရှလင်မြို့သစ်သည် သန့်ရှင်းသောကျမ်းစာတော်မြတ်ရှိ ရူပါရုံများနှင့် ဖွင့်ပြခြင်းအားလုံး၏ စုစုပေါင်း ဖြစ်သည်။ ပုံဆောင်ချက်များ၊ ရုပ်ပုံများ၊ အရိပ်များ၏ စုစုပေါင်း ပြီးမြောက်ပြည့်စုံခြင်းဖြစ်သည်။ သန့်ရှင်းသောကျမ်းစာတော်၏ ပရောဖက်ပြုချက်များ စုစုပေါင်း ပြီးပြည့်စုံခြင်းဖြစ်သည်။ သန့်ရှင်းသောကျမ်းစာတော်၏ ခြောက်ဆယ့်ခြောက်စောင် နောက်ဆုံးအနှစ်ချုပ်ဖြစ်သည်။

C. ဘုရားသခင်၏ ရှင်သန်သောထုံးဖွဲ့မှုအဖြစ် ယေရုရှလင်မြို့သစ်သည် ကိုယ်တော်၏ စိတ်နှလုံးတော် အလိုဆန္ဒ၏ ကောင်းသောကျေနပ်အားရရာ၊ ကိုယ်တော်၏ အဆုံးစွန် ပန်းတိုင်၊ ဘုရားသခင်၏ ထာဝရစီမံကိန်း အပြည့်အဝ ပြီးပြည့်စုံခြင်း ဖြစ်သည် - ဧ၊၁း၅၊ ၉-၁၀။ ၃း၉။

D. ယေရုရှလင်မြို့သစ်သည် ဘုရားဖြစ်စေခြင်းခံရသော ဘုရားသခင်၏ ရွေးချယ်ခံ၊ ရွေးနုတ်ခံ၊ အသစ်မွေးဖွားခံ၊ သန့်ရှင်းစင်ကြယ်ခံ၊ အသစ်ပြုပြင်ခံ၊ ပုံသဏ္ဌာန်ပြောင်းလဲခံ၊ သဏ္ဌာန်တူညီလာခြင်းနှင့် ဘုန်းထင်ရှားခြင်း ခံရသောလူများ၏ ပေါင်းစည်းထုံးဖွဲ့မှုဖြစ်သည် - ယော၊၃း၆။ ဟေဗြဲ၊၂း၁၁။ ရော၊၁၂း၂။ ၈း၂၉-၃၀။

1. ကျွန်ုပ်တို့ကို ဘုရားဆိုင်ရာဖြစ်စေခြင်းဟူသည်မှာ ကျွန်ုပ်တို့သည် အဆင့်ဆင့်ဖြတ်ကျော်ကာ ပြီးမြောက်ပြည့်စုံသော သုံးပါးတစ်ပါးဘုရားနှင့် စေ့စပ်ထုံးဖွဲ့ခံစေပြီး၊ ထိုသို့ဖြင့် ကျွန်ုပ်တို့သည် အသက်၌၊ သဘောသဘာဝ၌ ဘုရားဖြစ်စေကာ၊ ထာဝရကာလပတ်လုံး ကိုယ်တော်၏ စုပေါင်းထင်ရှားခြင်း ဖြစ်လာစေခြင်းကို ဆိုလိုသည် - ဗျာ၊၂၁း၁၁။

2. ယေရုရှလင်မြို့သစ်သည် ဘုရားသခင်က မိမိကိုယ်တော်တိုင်ကို လူအထဲသို့ စေ့စပ်ထုံးဖွဲ့ကာ၊ လူကို အသက်၊ သဘောသဘာဝ၊ စေ့စပ်ထုံးဖွဲ့မှု၌ ဘုရားကဲ့သို့ တူညီစေခြင်းအားဖြင့် တည်ဆောက်ပြီး၊ ထိုသို့ဖြင့် ဘုရားနှင့်လူသည် စုပေါင်းထားသော ထုံးဖွဲ့မှုဖြစ်လာမည်ဖြစ်သည်။

3. ယေရုရှလင်မြို့သစ်သည် ဘုရားသခင်ကိုယ်တော်တိုင်က စေ့စပ်ထုံးဖွဲ့ခြင်း၊ ပေါင်းစည်းခြင်းနှင့် ရောနှောပေါင်းစည်းခြင်းနည်းလမ်းအားဖြင့် ကိုယ်တော်၏ရွေးနုတ်ခံများနှင့်အတူ ကြီးမားကျယ်ပြန့်ခြင်း ဖြစ်သည်။ သို့ဖြစ်၍ ယုံကြည်သူများကို ဘုရားဖြစ်စေခြင်းသည် ယေရုရှလင်မြို့သစ်၌ ပြီးမြောက်ပြည့်စုံမည့် ဖြစ်စဉ်ဖြစ်သည် - ယော၊၃း၂၉က၊ ၃၀က။ ၁၄း၂၀။ ၁၅း၄က။ ၁ကော၊၆း၁၇။

4. ဘုရားသခင်ဘက်၌ သုံးပါးတစ်ပါးဘုရားသည် လူတစ်ဦးဖြစ်ရန် လူ့ဇာတိခံယူခဲ့ပြီးဖြစ်သည်။ ကျွန်ုပ်တို့ဘက်၌ ကျွန်ုပ်တို့သည် ဘုရားဖြစ်စေခြင်းခံနေပြီး၊ အဆင့်ဆင့်ဖြတ်ကျော်ကာ ပြီးမြောက်ပြည့်စုံသည့် သုံးပါးတစ်ပါး ဘုရားဖြင့် စေ့စပ်ထုံးခံ၍၊ ထိုသို့ဖြင့် ကျွန်ုပ်တို့သည် ထာဝရကာလပတ်လုံး ကိုယ်တော်၏ စုပေါင်းထင်ရှားခြင်း ဖြစ်ရန် အသက်၌၊ သဘောသဘာဝ၌ ဘုရားဖြစ်စေခြင်း ခံရမည်ဖြစ်သည်။ ဤသည်မှာ အမြင့်မားဆုံးသော သမ္မာတရားနှင့် အမြင့်မားဆုံးသော ဧဝံဂေလိတရား ဖြစ်သည် - ဗျာ၊၃း၁၂။

E. ယေရုရှလင်မြို့သစ်သည် စကြဝဠာဆိုင်ရာစုံတွဲ - "ထာဝရကာလတိုင် ချစ်မေတ္တာ စုံတွဲ - ဘုရားဆိုင်ရာ ချစ်ဇာတ်လမ်း၏ ပြီးမြောက်ပြည့်စုံခြင်း ဖြစ်သည် - ၂၂း၁၇။

1. ဗျာဒိတ် ၂၂း၁၇ တွင် ခရစ်တော်နှင့် ကိုယ်တော်၏ ဇနီးအဖြစ် ယေရုရှလင်မြို့သစ်သည် ထာဝရကာလပတ်လုံး စကြဝဠာဆိုင်ရာစုံတွဲဖြစ်လိမ့်မည့်အကြောင်း ညွှန်ပြထားသည်။ အဆင့်ဆင့်ဖြတ်ကျော်ကာ ပြီးမြောက်ပြည့်စုံသည့် သုံးပါးတစ်ပါးဘုရား၏ စုစုပေါင်းဖြစ်သည့် ထိုဝိညာဉ်တော်သည် ယခုအခါ သတို့သမီးဖြစ်ရန် အပြည့်အဝ ရင့်ကျက်လာပြီဖြစ်သော ယုံကြည်သူများနှင့်အတူ တစ်လုံးတစ်ဝဖြစ်သည် - ၂၁း၂၊ ၉-၁၀။
2. အဆင့်ဆင့်ဖြတ်ကျော်ကာ ပြီးမြောက်ပြည့်စုံသည့် သုံးပါးတစ်ပါးဘုရား၏ ပြီးမြောက်ပြည့်စုံခြင်းနှင့် ကိုယ်တော်၏အသစ်မွေးဖွားခံ၊ ပုံသဏ္ဍာန်ပြောင်းလဲခံ၊ ဘုန်းထင်ရှားခံလူများ၏ ပြီးမြောက်ပြည့်စုံခြင်းသည် ထာဝရကာလပတ်လုံး သုံးပါးတစ်ပါးဘုရားကို ထင်ရှားသော စကြဝဠာဆိုင်ရာစုံတွဲဖြစ်လိမ့်မည် - အငယ်၊၁၁၊ ၂၃။
3. ဗျာဒိတ် ၂၁း၂ တွင် "သန့်ရှင်းသောမြို့တည်းဟူသော ယေရုရှလင်မြို့သစ်သည် မိမိခင်ပွန်းဖို့ တန်ဆာဆင်သော မင်္ဂလာဆောင် သတို့သမီးကဲ့သို့ ပြင်ဆင်လျက်၊ ဘုရားသခင့်အထံတော်၊ ကောင်းကင်မှ ဆင်းသက်သည်ကို ငါမြင်၏" ဟုပြောထားသည်။

**III. သခင်ဘုရား၏ပြန်လည်ရယူခြင်း၌ ကျွန်ုပ်တို့၏ပန်းတိုင်သည် ယေရုရှလင်မြို့သစ်၏ ပြီးမြောက်ပြည့်စုံခြင်း ဖြစ်သည် - ဗျာ၊၂၁း၉-၁၀။**

A. ဓမ္မသစ်ကျမ်း၏ ဖွင့်ပြခြင်းတစ်ခုလုံးအရ ခရစ်ယာန်အလုပ်၏ တုနှိုင်းရာမဲ့ပန်းတိုင်မှာ ဘုရားသခင့်ထာဝရစီမံကိန်း၏ အဆုံးစွန်ပန်းတိုင်ဖြစ်သည့် ယေရုရှလင်မြို့သစ် ဖြစ်သင့်ပါသည်။
B. ယနေ့ ကျွန်ုပ်တို့သည် အသင်းတော်များကို တည်စေပြီး၊ သန့်ရှင်းသူများကို စုံလင်တည့်မတ်ပေးကာ၊ နိုးကြားသော အုပ်စုများကို လက်တွေ့လုပ်ဆောင်ကြကာ၊ အိမ်တံခါးခေါက်ခြင်းဖြင့် လူများထံ သွားရောက်လည်ပတ်ခြင်း ရှိကြပါသည်၊ သို့သော် ကျွန်ုပ်တို့၏မျှော်မှန်းရာ၊ ကျွန်ုပ်တို့၏ပန်းတိုင်မှာ ယေရုရှလင်မြို့သစ် ပြီးမြောက်ပြည့်စုံခြင်းအတွက်သာဖြစ်သည်။
C. အသင်းတော်၏ ကျဆင်းယိုယွင်းလာခြင်းမှာ ခရစ်ယာန် အမှုဆောင်သူများအားလုံးနီးပါးက သူတို့၏ပန်းတိုင်အဖြစ် ယေရုရှလင်မြို့သစ်ဖြစ်ခြင်းထက်၊ အခြားများစွာသော အရာများကို ယူဆောင်ရန် အာရုံထွေပြားခြင်း ရှိခဲ့ကြသော ကြောင့်ပင် ဖြစ်ပေသည်။
D. ထို့ကြောင့် အသင်းတော်၏ ယိုယွင်းကျဆင်းခြင်းအောက်၌ သခင်ဘုရား၏ခေါ်သံကို အဖြေပေးသော အောင်မြင်သူများဖြစ်ရန် ကျွန်ုပ်တို့သည် အနုတ်လက္ခဏာအရာများကို အောင်မြင်ရန်သာမက၊ ယေရုရှလင်မြို့သစ်ကို ပန်းတိုင်အဖြစ် ထားရှိခြင်းမှ အစားထိုးသော အပေါင်းလက္ခဏာအရာများကိုပင် အောင်မြင်ရန် လိုအပ်သည်။
E. အောင်မြင်သောသူများဖြစ်ရန် ကျွန်ုပ်တို့သည် ဘုရားသခင့်ထာဝရစီမံကိန်းပန်းတိုင် ဖြစ်သော ယေရုရှလင်မြို့သစ်ကို ကျွန်ုပ်တို့၏ တုနှိုင်းရာမဲ့ အဆုံးစွန်သော ပန်းတိုင်အဖြစ် ယူဆောင်သင့်ပါသည်။ ကျွန်ုပ်တို့သည် ဤပန်းတိုင်ကို မှတ်မိနေရန် လိုအပ်သည်။
F. ကျွန်ုပ်တို့သည် ကိုယ်တော်၏ ကြွယ်ဝသော၊ လန်းဆန်းသစ်လွင်သော မစမှုကို ရရှိရန်အတွက် ဝိညာဉ်တော်ကို သောက်သုံး၍ ခရစ်တော်ကို စားသုံးခြင်းအားဖြင့် ယေရုရှလင်မြို့သစ်ကို ပြီးမြောက်ပြည့်စုံစေရန် ယေရုရှလင်မြို့သစ်ဆီသို့ ဦးဆောင်နေသောလူများ ဖြစ်ကြသည်။